ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကြံခင်းမြို့နယ်

CDD

လူထုဗဟိုပြုစီမံကိန်း (ဒုတိယနှစ်စက်ဝန်း)
National Community Driven Development Project
(NCDDP)



# ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်
# Village Development Plan (VDP)
အောက်ပန်းတော်ကျေးရွာ၊ ကြံတောကျေးရွာအုပ်စု

၂၀၁၇-ခုနှစ်

ကြံခင်းမြို့နယ်

မာတိကာ

၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်
အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်
သုံးသပ် ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကော်မတီဝင်များစာရင်း

၉။ ကျေးရွာအချက်အလက်(ပုံစံ-၁)

၁၀ ။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)

၁၃။ အစည်းအဝေးမှတ်တမ်းများ


၁၄။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။ မြို့နယ်မြေပုံ



ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြ မြေပုံ
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ကျောက်နီချောင်း
ပတော်ချောင်း
ရခိုင် ပြည်နယ်
ကြံခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီ မြစ်
မြန်အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ ကျေးရွာ မြေပုံ (တည်နေရာ)




အောက်ပန်းတော်ကျေးရွာတည်နေရာပြမြေပုံ

## ၃။ အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

ကြံ့တောကျေးရွာအုပ်စုတွင် ပါဝင်သောကျေးရွာများစာရင်း

(၁) ကြံ့တောကျေးရွာ

(၂) ပြည့်စင်ကွင်းကျေးရွာ

(၃) ထောက်ကြံ့ကုန်းကျေးရွာ

(၄) တာစုကျေးရွာ

(၅) ကျောက်တိုင်ကျေးရွာ

(၆) လိန်ဂုဏ်ကျေးရွာ

(၇) တိုက်ကြီးကျေးရွာ

(၈) အောက်ပန်းတော်ကျေးရွာ

(၉) ရေသောက်ကန်ကျေးရွာ

(၁၀) လမိုင်းကွင်းကျေးရွာ

(၁၁) ကိုးတောင်ရွာမကျေးရွာ

(၁၂) ကိုးတောင်ရွာသစ်ကျေးရွာ

(၁၃) မျောက်ချောကုန်းကျေးရွာ

ကြံ့တောကျေးရွာအုပ်စုသည် ကျေးရွာပေါင်း (၁၃) ရွာဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄။ ကျေးရွာအခြေခံ အချက်အလက်

အောက်ပန်းတော်ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ ကြံတောအုပ်စု အတွင်းတည်ရှိသော ကျေးရွာကလေးဖြစ်သည်။ ဖားတစ်ရှင်းချောင်းဘေးတွင် တည်ရှိသောကျေးရွာ ဖြစ်သည်။ အိမ်ခြေ ၆၆-အိမ် ရှိပြီး၊ အမျိုးသား ၉၂-ဦး၊ အမျိုးသမီး ၁၃၃-ဦး ရှိပါသည်။ ကြံခင်းမြို့နှင့် ၅-မိုင်ခန့် ကွာဝေးပြီး၊ မိုးရာသီတွင် လမ်းများပျက်စီးသောကြောင့် ခက်ခဲစွာ သွားလာကြရသည်။ အုပ်စုရွာနှင့် ၂-မိုင်ခန့် ကွာဝေးပါသည်။ သောက်သုံးရေရှားပါးမှုကြောင့် ပထမနှစ်စက်ဝန်းတွင် ရေရရှိရေး စီမံကိန်းလုပ်ငန်းခွဲကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ မိုးရာသီတွင် တစ်ခါတစ်ရံ သဘာဝဘေးဖြစ်သည့် မိုးများသည်းထန်စွာ ရွာသွန်းလျှင် ချောင်းရေလျှံပြီး ရွာကုန်းသို့ တက်၍ ရေမြုပ်၊ ရေကြီးဖြစ်ပေါ်တတ်သည်။

ကျေးရွာအခြေခံအဆောက်အဦးအနေဖြင့် ဘုန်းကြီးကျောင်း တစ်ကျောင်းသာရှိပါသည်။ ကလေးများ ပညာရေးသင်ကြားရန်အတွက် ၂-ဖာလုံ ဝန်းကျင်မျှဝေးသော အ.မ.က အထက်ပန်းတော်ကျောင်းသို့ နေ့စဉ်ခြေလျှင်ခရီး ဖြင့် ခက်ခဲစွာ ပညာသင်ကြားနေရသည်။ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကို အ.ထ.ကခွဲ မျောက်ချောကုန်းသို့ သွားရောက်ပညာသင်ကြားရသည်။


လယ်ယာလုပ်ငန်း၊ မြေပဲစိုက်လုပ်ငန်း၊ ဝါးခုတ်၊ ဝါးဆွဲလုပ်ငန်း၊ ဝါးဖောင်လုပ်ငန်းများသည် ကျေးရွာ၏အဓိက အသက်မွေးဝမ်းကြောင်း လုပ်ငန်းအဖြစ် လုပ်ကိုင်ကြသည်။ ကျပန်းလုပ်ငန်း လုပ်ကိုင်ကြရသူများလည်း ရှိပါသည်။ ကျေးရွာသူ/ ကျေးရွာသားများသည် ဗမာလူမျိုးများဖြစ်ကြပြီး၊ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map) | 15.12.2016 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | ၈ | ၆ | ၁၄ | - ဒေသတွင်း သဘာဝအရင်းမြစ်များ<br>- လူမှုအဆောက်အအုံများ<br>- ဘာသာရေးအဆောက်အဦးများ<br>- လမ်းပန်းဆက်သွယ်ရေးများ |
| ၂။ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | 15.12.2016 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၁၅ | ၁၂ | ၂၇ | - ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | 15.12.2016 | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | ၁၁ | ၅ | ၁၆ | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ၊ အများသဘောတူ သတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွား |
| ၄။ | အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | 15.12.2016 | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ | ၁၅ | ၂၅ | ၄၀ | -ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက်နေပုံ။ |
| ၅။ | ပင့်ကူအိမ်ကွန်ယက် (cobweb) | 15.12.2016 | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၁၅ | ၂၅ | ၄၀ | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး<br><br>-အမျိုးသားနှင့်အမျိုးသမီး တန်းတူအခွင့်အရေး ရရှိနိုင်မှုအပေါ် သုံးသပ်ခြင်း |
| ၆။ | အရင်းအမြစ်များ အပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (Asset Mapping) | 15.12.2016 | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၁၀ | ၂၄ | ၃၄ | -အရင်းအမြစ်များအပေါ်တွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။ |
| ၇။ | အခက်အခဲပြဿနာ (Problem) | 16.12.2016 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၃၁ | ၄၀ | ၇၁ | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ အခက်အခဲများ။<br>-လိုအပ်ချက်များ |
| ၈။ | ကျေးရွာမျှော်မှန်းချက်များ (Village Vision) | 16.12.2016 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၃၁ | ၄၀ | ၇၁ | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ။ ဘာကြောင့်မျှော်မှန်းထားသလဲ။ |
| ၉။ | ကျေးရွာဦးစားပေး လုပ်ငန်းများ | 16.12.2016 | ကော်မတီဝင်များနှင့်၊ရပ်ရွာလူထုများ၊ တက်ရောက်သူ အားလုံး | ၃၁ | ၄၀ | ၇၁ | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(က) လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ




လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်)


- လယ်ယာ ၊ဝါးခြံ၊ကိုင်း၊ ချောင်း များကိုမှီခိုပြီး အသက်မွေးဝမ်းကြောင်းပြုကြသည်။
- သောက်သုံးရေရရှိမှုမှာ ဆည်ရေ၊ ချောင်းရေ တို့ကိုသာ အဓိက မှီခိုအားထားနေရသည်။
- လူထုဗဟိုပြုစီမံကိန်း ပထမနစ်စက်ဝန်းတွင် ရေရရှိရေးစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက် သောက်သုံးရေနှင့် ပတ်သက်၍ အဆင်ပြေချောချောမွေ့ခဲ့သည်။
- ကျေးရွာမှာ မိုးတွင်းရာသီများတွင်ချောင်းရေလျှံခြင်းဒဏ်ကို ခံရသည်။
- မိမိတို့ကျေးရွာမှ ကျောင်းသားများ၊ အခြားကျေးရွာမှ ကျောင်းသားများသည် ကျေးရွာချင်းဆက်လမ်းများမကောင်းသည့်အတွက် သွားရေး၊ လာရေးများအလွန်ခက်ခဲနေသည်။
- ကျေးရွာတွင် အခြေခံမူလတန်းကျောင်း မရှိပေ။
- စိုက်ပျိုးမြေယာပိုင်ဆိုင်မှုနည်းပါးပြီး လက်လုပ်လက်စားများပြားသည်။အစိုးရဝန်ထမ်းအနည်းငယ်ရှိသည်။
- ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း တည်ရှိသည်။
- ကျေးရွာတွင်ဗမာလူမျိုးများနေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုသာကိုးကွယ်ကြသည်။

### ဖွံ့ဖြိုးရေးလိုအပ်ချက်

- လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်၊
- အခြေခံပညာမူလတန်းကျောင်းရှိရန်၊
- အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိရန်၊
- လျှပ်စစ်မီးရရှိရန်၊
- အစည်းအဝေးခန်းမ၊
- ချောင်းကူးတံတားရှိရန်၊
- အားကစားကွင်း

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်ခြင်းအကဲဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(က) <u>လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းနှင့် သုံးသပ်ချက်</u>


ကြံတောအုပ်စု
အောက်ပိန်းတော်ကျေးရွာ

ဥစ္စာဓန အဆင့် သတ်မှတ်ချက်

15.12.2016

ပါဝင်ရေးဆွဲသူ - ကျား ၁၂ ၊ မ ၅

| အဆင့် | သတ်မှတ်ချက် | အိမ်ခြေ | ရာခိုင်နှုန်း |
|---|---|---|---|
| က | မြင်းထောင်၊ မျှင်နား၊ ဆွမ်ပိုး၊ ထယ်ထွန်စက် (၁) စီး၊ ဆိုင်ကယ်(၂)စီး၊ TV ၊ ဆိုလာပြား၊ ရေစုပ်စက်၊ လယ်(၈)ဧက၊ ထဲနွား(၅)ကြ၊ ဝက်အမွေးမြူ(၁၀)ကောင် | ၅ | ၇.၄၆% |
| ခ | ဆွမ်ပိုး၊ မျှင်ထောင်၊ မျှင်နား၊ ဆိုင်ကယ် (၁) စီး / TV ၊ ဆိုလာပြား၊ လယ်(၃)ဧက၊ ကျွဲ(၁)ကျွဲ ဝက်အမွေးမြူ(၂)ကောင် | ၂၅ | ၃၇.၃၁% |
| ဂ | ဝါးအိမ်၊ ဆွမ်ပိုး၊ ဆိုင်ကယ် (၁) စီး၊ စက်ဘီး (၁) စီး TV ၊ ဆိုလာပြား၊ လက်လုပ်လက်စား | ၃၂ | ၄၇.၇၆% |
| ဃ | ဝါးအိမ်၊ သက်ကယ်မိုး၊ မွေးမြူမရှိ၊ မြေမရှိ၊ တစ်နေ့လုပ်တစ်နေ့စား | ၅ | ၇.၄၆% |
| | စုစုပေါင်း | ၆၇ | ၁၀၀% |


လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

## ဥစ္စာဓနကြွယ်ဝမှုဇယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- ကျေးရွာတွင်လူမှုအဆင့်သတ်မှတ်ရာတွင်(က၊ခ၊ဂ၊ဃ)အဆင့်သတ်မှတ်ပြီးရေးဆွဲခဲ့သည်။အဆင့်(က)အိမ်ထောင်စုများသည် ချမ်းသာသောအုပ်စု၊ အဆင့်(ခ)အိမ်ထောင်စုများသည် အသင့်အတင့်အုပ်စု၊အဆင့်(ဂ)အိမ်ထောင်စုများသည် နွမ်းပါးသောအုပ်စု၊ အဆင့်(ဃ)အိမ်ထောင်စုများသည် အလွန်နွမ်းပါးသော အုပ်စုများဟူ၍သတ်မှတ်သည်.
- ချမ်းသာသောအုပ်စုမှာ (၅)အိမ်ထောင်စု၊အသင့်အတင့်အိမ်ထောင်စုမှာ(၂၅)အိမ်ထောင်စု၊နွမ်းပါးသောအုပ်စုမှာ (၃၂)အိမ်ထောင်စု၊အလွန်နွမ်းပါးသောအုပ်စုမှာ (၅)အိမ်ထောင်စု သတ်မှတ်ခဲ့သည်။
- နွမ်းပါး၊အလွန်နွမ်းပါးသော အကြောင်းအရင်းများမှာ လက်လုပ်လက်စားများခြင်း၊ ပုံမှန်ဝင်ငွေရရှိရန်အတွက် အလုပ်အကိုင်ရှားပါးခြင်း၊ ဗဟုသုတနည်းပါးခြင်း။
- အစီအစဉ်ရေးဆွဲရာတွင် နွမ်းပါးသူများ၏ အားလပ်ချိန်တွင်ရေးဆွဲခြင်း၊ နွမ်းပါးသောသူများနှင့် ကျေးရွာလူထု၏ သတ်မှတ်သောအဆင့်များ၊ ၎င်းတို့၏လိုအပ်ချက်များကို ဦးစားပေးစဉ်းစားရေးဆွဲခဲ့သည်။
- ကျေးရွာ၏အခြေခံအဆောက်အဦးများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများရေးဆွဲအကောင်အထည်ဖော်လုပ်ငန်းများတွင် ကျေးရွာလူထုနွမ်းပါးသူများ ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် လုပ်အားခရရှိပြီး ဝင်ငွေများရရှိလာမည် ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကျေးရွာတွင် လုပ်ကိုင်ခြင်းဖြင့် ကျေးရွာလူထုမှ အချိန်ကုန်မှုများလျော့လာပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (၁) ရာသီခွင်ပြပြက္ခဒိန်နှင့် သုံးသပ်ချက်။





ရာသီခွင်ပြပြက္ခဒိန်


ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- လယ်ယာလုပ်ငန်း၊ ကိုင်းစိုက်ပျိုးရေးလုပ်ငန်းနှင့် ဝါးလုပ်ငန်းတို့သည် ကျေးရွာ၏ဝင်ငွေရရှိသော လုပ်ငန်းများဖြစ်သည်။
- လယ်ယာလုပ်ငန်း၊ ကိုင်းလုပ်ငန်းများလုပ်ဆောင်ချိန်တွင် လုပ်အားခများများရရှိ၊(နယုန်လ၊ ဝါဆို၊ ဝါခေါင်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း ၊နတ်တော်၊တပို့တွဲလ)
- အခြားလုပ်ငန်းများမှ ဝင်ငွေလုံလောက်မှုမရှိပေ။
- တစ်နေ့တာအတွင်း အမျိုးသားနှင့်အမျိုးသမီး ဝင်ငွေရရှိမှု မတူညီ၊ (အမျိုးသမီးများမှာ အိမ်တွင်းမှု အလုပ်များနှင့် အချိန်ကုန်နေရသည်။)
- အမျိုးသားများမှ တာဝန်ယူခွဲယူမှုနှင့် ကျား/မရေးရာ သိမြင်လာအောင် ဆွေးနွေး၊(အိမ်တွင်းမှုပိုင်းတွင် အမျိုးသားများတာယူရာတွင် အမျိုးသမီးများအတွက်ဝင်ငွေရရှိနိုင်၊)
- တန်းတူညီမျှမှုနှင့် သာတူညီမျှအကြောင်းဆွေးနွေး၍ ဝင်ငွေတိုးစေခြင်းကို ဆွေးနွေး။
- တန်ခူး၊ ကဆုန်၊ တော်သလင်း၊ ပြာသိုလများတွင် လုပ်အားခနည်းပါးသည်။
- ကျန်းမာရေးမှာ ထူးခြားသောရောဂါ များမရှိ၊ ရာသီအကူးအပြောင်းများတွင် ကျန်းမာရေး မကောင်း၊ ကလေးငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုများမရှိ၊ ကဆုန်၊ ဝါဆို၊ တန်ဆောင်းမုန်း၊ နတ်တော် ပြာသို ရာသီအကူးအပြောင်းများတွင် နာစေး၊ ချောင်းဆိုး၊ တုတ်ကွေး ရောဂါများဖြစ်ပွားတတ်သည်။ ကျန်းမာရေးအရေးပေါ် ကြုံတွေ့ရလျှင် ဘက်ရဲ၊ ကြံခင်း၊ မြန်အောင် ပြည်သူ့ဆေးရုံတွင် သွားရောက်ပြသကြသည်။
- အစားအစာဖူလုံမှုနှင့် ပတ်သက်၍ ဝင်ငွေကောင်းသောလများတွင် ဖူလုံမှုရှိပြီး၊ ဝင်ငွေနည်းသောလများတွင် ဖူလုံမှု မရှိပေ။
- လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ကျေးရွာတွင်းနှင့် ရွာချင်းဆက်လမ်းများမှာ မြေသားလမ်းဖြစ်သည်။
- ပွဲတော်များအနေဖြင့် တန်ခူးလတွင် သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ ဝါဆိုလတွင် ဝါဆိုသင်္ကန်းကပ်ပွဲ၊ သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလတို့တွင် ဆီမီးပူဇော်ပွဲနှင့် ကထိန်ပွဲ တပေါင်းလတို့တွင် ရှင်ပြုပွဲများ ကျင်းပပြုလုပ်လေ့ရှိသည်။
- လမ်းပန်းဆက်သွယ်ရေးအနေဖြင့် တန်ခူး၊ ကဆုန်၊ နယုန်လတို့တွင်ကောင်းမွန်ပြီး၊ ဝါဆို၊ဝါခေါင်၊ တော်သလင်း၊ သတင်းကျွတ်လတို့တွင် လမ်းများပျက်စီးနေတတ်သည်။ ကျန်သောလများတွင် လမ်းအခြေအနေမှာ အသင့်အတင့်သာ ရှိသည်။
- သဘာဝဘေးအန္တရာယ်ကျရောက်မှုမှာ ဝါဆို၊ဝါခေါင်လများတွင် ဖားတရှည်း ချောင်းမှ ရေလျှံမှုများဖြစ်သည်။ (နှစ်စဉ်)

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ် ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(ဃ)ပင့်ကူအိမ်နှင့် သုံးသပ်ချက်</u>




# ပင့်ကူအိမ်ကွန်ယက်

**ပင့်ကူအိမ်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**

- အမျိုးသမီးများ၏ လက်ရှိအနေအထားမှာ အုပ်ချုပ်မှု၊ အဖွဲ့အစည်း၊ လုံခြုံမှုနှင့် အရင်းအမြစ်လက်လှမ်းမှီမှု တို့တွင် အားနည်းနေသည် ကိုဆွေးနွေးဖော်ထုတ်ခဲ့သည်။ဥပမာ- အမျိုးသားများသည် အုပ်ချုပ်မှု၊ အဖွဲ့အစည်း ၊ လုံခြုံမှုတို့တွင် အားကောင်းပြီး အမျိုးသမီးများအနေဖြင့် အားနည်းနေသည်ကို တွေ့ရှိရသည်။ အမျိုးသမီးများမှာ အိမ်တွင်းမှုများတွင် ရာခိုင်နှုန်းပြည့် နီးပါးဖြစ်နေသည်ကို တွေ့ရှိရသည်။
- အမျိုးသမီးများသည် အိမ်တွင်းမှုများတွင်သာ အချိန်ကုန်နေရပြီး လုံခြုံမှုနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ဝင်ငွေရှာဖွေမှုနည်းပါးခြင်း၊ အမျိုးသမီးများအနေဖြင့် အခြားဝင်ငွေရရှိနိုင်ရန်အတွက် အိမ်တွင်းမှုအသက်မွေးဝမ်းကြောင်းလုပ်ငန်းများ မရှိခြင်း။
- ကျေးရွာတွင် အမျိုးသမီးများသီးသန့် အသိအညာပေးဆွေးနွေးပွဲများ၊ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့် လုပ်အားခများ တူညီသောအလုပ်အတွက် တူညီသောလုပ်အားခများ ကျား/မ တန်းတူပေးခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများအား လက်တွဲခေါ်ခြင်းဖြင့် ကူညီနိုင်သည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(င) <u>အရင်းအမြစ်များအပေါ်အသုံးပြုမှု၊ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုအပေါ် သုံးသပ်ချက်</u>





အရင်းအမြစ်များအပေါ်အသုံးပြုမှုနှင့်ထိန်းချုပ်မှုပြပုံ


## အရင်းအမြစ်ထိန်းချုပ်မှုနှင့်ပိုင်ဆိုင်မှု (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- အမျိုးသမီးများပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် ပစ္စည်းများအား အမျိုးသားများနှင့်တန်းတူပိုင်ဆိုင်နိုင်ကြောင်းတွေ့ရှိရသည်။
- ဈေးဆိုင်၊ ကြက်၊ ဝက်၊ ဘဲ၊ ငှက်ပျောခြံ၊ အပ်ချုပ်စက်၊ ဖုန်း၊ ဆိုလာပြား စက်ဘီးတို့ကို အမျိုးသမီးများက ပိုင်ဆိုင် အသုံးပြုကြသည်ကိုသာ တွေ့ရှိရသည်။
- လယ်၊လှည်း၊ နွား၊ လယ်ယာသုံးစက်ပစ္စည်းများ၊ ဝါးတော၊ ကား၊ အိမ်၊ ဆိုင်ကယ်၊ ချောင်း၊ ရေတွင်း ဆည်မြောင်းစသည်တို့ကို အမျိုးသားများက ဦးဆောင်အသုံးပြုကြသည်။
- တီဗွီ၊ ရေကန် စသည့်အရင်းအမြစ်များကို အမျိုးသားများနှင့် အမျိုးသမီး များ နှစ်ဦးစလုံးအသုံးပြုကြသည်။
- ဆုံးဖြတ်ချက်များချရာတွင် အများအားဖြင့် အမျိုးသာများက သာ ထိန်းချုပ်ခြင်း/ဆုံးဖြတ်ချက်ချခြင်းများကို ပြုလုပ်နေကြသည်။
- အမျိုးသမီးများအနေဖြင့် ၄င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော/ဆုံးဖြတ်ချက်ချရသော အရင်းအမြစ်များမှာ အလွန်ပင် နည်းပါးသည်။
- အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသာများနှင့် တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့် အမျိုးသမီးတန်းတူညီမျှမှု ရှိပေလိမ့်မည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(စ) <u>အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံနှင့်သုံးသပ်ချက်</u>







အဖွဲ့အစည်းချိတ်ဆက်ပြပုံ

**အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- ကျေးရွာရှိ အုပ်ချုပ်ရေးပိုင်းသည် ကျေးရွာအတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို၊အုပ်ချုပ်ရေးပိုင်းများကအဓိကဦးဆောင်ပြုလုပ်ကြသည်။ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်လည်းပူးပေါင်း၍ ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လည်း လုပ်ဆောင်ကြသည်။
- အမျိုးသားများပါဝင်သည့် မီးသတ်အဖွဲ့မှာလည်း ဘက်ရဲမီးသတ်ဌာနဖြင့် ဆက်သွယ်၍ အဖွဲ့များ ဖွဲ့စည်းထားသည်။
- အမျိုးသားများနှင့်အမျိုးသမီးများ ပါဝင်သည့်လူထုဗဟိုပြု စီမံကိန်း ကော်မတီအဖွဲ့မှာလည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာလူထုနှင့်အတူ ပူပေါင်းဆောင်ရွက်၍ လုပ်ဆောင်ကြသည်။
- ကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့သည် မြို့နယ် Wordvision အဖွဲ့နှင့် ချိတ်ဆက်ကာ ကလေးသူငယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိသည်။
- ဓမ္မစကူးအဖွဲ့အနေဖြင့် ဘာသာရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့အနေဖြင့်လည်း သဘာဝဘေးအန္တရာများ ကြုံတွေ့ခဲ့လျှင် တက်ကြွစွာဆောင်ရွက်ကြသည်ကို တွေ့ရှိရသည်။

## (ဆ) အမျိုးသားအမျိုးသမီးအုပ်စုများ၏ အခက်အခဲ ပြဿနာများ



## အခက်အခဲ ပြဿနာများ


အမျိုးသားများမှ တင်ပြသောအခက်အခဲ/ပြဿနာများ

- အလုပ်အကိုင်များရှိသော်လည်း ဝင်ငွေနည်းပါးခြင်း၊
- စက်မှု၊ လက်မှု ပစ္စည်းကိရိယာများ အားနည်းခြင်း၊
- ချောင်းရေလျှံမှုကြောင့် သွားလာရေး ခက်ခဲခြင်း၊
- လျှပ်စစ်မီးမရှိ၍ ပညာသင်ကြားနေသော ကျောင်းသားများ အခက်အခဲရှိခြင်း၊
- ချောင်းကူးတံတားမရှိ၍ သွားလာရေး ခက်ခဲခြင်း၊
- မြေသားလမ်းဖြစ်၍ မိုးရာသီ အခက်အခဲရှိခြင်း၊
- ကျေးရွာတွင် မူလတန်းစာသင်ကျောင်းမရှိခြင်းကြောင့် ကလေးငယ်များ ပညာသင်ကြားရာတွင် ခက်ခဲခြင်း၊

အမျိုးသမီးများမှ တင်ပြသောအခက်အခဲ/ပြဿနာများ

- လျှပ်စစ်မီးမရှိသည့်အတွက် အလုပ်ချိန်၊ ကလေးငယ်များ စာဖတ်၊ စာရေးရာတွင်အခက်အခဲရှိခြင်း။
- ချောင်းကူးတံတားမရှိခြင်းကြောင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး နှောင့်နှေးခြင်း၊
- လမ်းပန်းဆက်သွယ်ရေးမကောင်းသည့် အတွက်စားသောက်ကုန်ဝယ်ယူရေးတွင် အခက်အခဲရှိခြင်း။
- ချောင်းရေလျှံခြင်းကြောင့် သွားလာရေး ခက်ခဲခြင်း၊
- ကျောက်ဖျာများတည်ရှိနေခြင်းကြောင့် ရေသန့်တူးဖော်ရရှိရန် ခက်ခဲခြင်း၊
- ကျန်းမာရေးစောင့်ရှောက်မှု အခက်အခဲရှိခြင်း။

(၈) <u>ကျေးရွာ(အမျိုးသား၊ အမျိုးသမီး) မျှော်မှန်းချက်</u>



## ကျေးရွာမျှော်မှန်းချက်များ


အမျိုးသားများမှ တင်ပြသော မျှော်မှန်းချက်များ

- အတိုးနှုန်း သက်သာသည့် ချေးငွေများရရှိရန် မျှော်မှန်း၊
- သောက်ရေသန့်များ ရရှိရန် မျှော်မှန်း၊
- အလုပ်အကိုင်အခွင့်အလမ်းကောင်းများနှင့် ဝင်ငွေကောင်းလုပ်ငန်းများ ရရှိရန် မျှော်မှန်း၊
- ကူးသန်းသွားလာရေး ခက်ခဲခြင်းကြောင့် ချောင်းကူးတံတားရရှိရန် မျှော်မှန်း၊
- စီးပွားရေး၊ လူမှုရေး၊ ပညာရေးများ မြင့်မားလာအောင် လျှပ်စစ်မီးရရှိရန် မျှော်မှန်း၊
- ခက်ခဲစွာသွားလာသင်ကြားနေရသည့်အတွက် မူလတန်းကျောင်းရရှိရန် မျှော်မှန်း၊

အမျိုးသမီးများမှ တင်ပြသော မျှော်မှန်းချက်များ


- ကျေးရွာအတွင်း လျှပ်စစ်မီးလင်းချင်ပါသည်။
- စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်၊
- ချောင်းကူးတံတား ရရှိရန်၊
- ကျန်းမာရေးအခက်အခဲများရှိ၍ ဆေးပေးခန်းရှိရန်၊
- ကလေးသူငယ်များ ပညာရေးမြင့်မားစေရန် မူလတန်းကျောင်း၊ မူကြိုကျောင်း ရှိစေချင်၊
- ကျေးရွာလူထု ဗဟုသုတတိုးပွားစေရန် စာကြည့်တိုက်ရှိစေချင်၊
- လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်လာစေရန်၊
- အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိရန်၊
- စိုက်ပျိုးရေးနှင့် ပတ်သက်၍ မျိုးကောင်းမျိုးသန့်များရရှိရန်၊

(ဈ) ကျေးရွာဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်





ကျေးရွာအမျိုးသား၊ အမျိုးသမီးများ ဆွေးနွေးတင်ပြသော

ဖွံ့ဖြိုးရေးလုပ်ငန်းများ




ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ



ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများ

ဦးစားပေးအဆင့်

(၂) ရွာတွင်း မြေနီချောင်း ကျောက်လမ်း

(၁) အောက်ပုန်းတော်၊ အထက်ပုန်းတော် (မြေနီချောင်းကျောက်လမ်း)

(၃) အောက်ပုန်းတော်၊ ဝါကြီး ချောင်းကူး (ကြိုးတံတား)

(၄) တွင်းနက်၊ ရေစက်၊ ရေစက်ကွင်း၊ ရေပိုက်သွယ်တန်း

(၅) ဆေးပေးခန်း

(၆) မူကြိုကျောင်း

(၇) မျှော်စင်ပီးတိုင်၊ ဓါတ်ကြိုး

(၈) အောက်ပုန်းတော်၊ တိုက်ကြီး မြေနီချောင်းကျောက်လမ်း

(၉) အသေးစားချေးငွေ

ကျေးရွာဦးစားပေးလုပ်ငန်းများ မဲပေးရွေးချယ်ခြင်း

# ကျေးရွာဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်

ကျေးရွာအမျိုးသား၊ အမျိုးသမီးများမှ တင်ပြသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

(၁) မြေနီချောင်းကျောက်လမ်း အောက်ပန်းတော်-အထက်ပန်းတော် [၉၅-မဲ]

(၂) မြေနီချောင်းကျောက်လမ်း [၁၇၂-မဲ]

(၃) ကြိုးတံတား [၇၇-မဲ]

(၄) တွင်းနက်၊ ရေစက်၊ ရေစက်ရုံ၊ ရေပိုက်သွယ်တန်း၊

(၅) ဆေးပေးခန်း၊

(၆) မူကြိုကျောင်း၊

(၇) လျှပ်စစ်မီးတိုင်၊ မီးကြိုး၊

(၈) မြေနီချောင်းကျောက်လမ်း အောက်ပန်းတော်-တိုက်ကြီး၊

(၉) အသေးစားချေးငွေ စသည့်လုပ်ငန်းလိုအပ်ချက်များကို လူ့ဝှက်မဲပေးရွေးချယ်ခဲ့ကြသည်။

အထက်ပါ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အဆင့်သတ်မှတ်ခြင်းကို ကျေးရွာစီထောက်ဥက္ကဋ္ဌ ဦးကြည်ဝင်း၊ စီထောက်ဥက္ကဋ္ဌ ဒေါ်ဇင်မာလွင်တို့မှ (Pc-3)တွင်အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။

၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ







## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်*။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|---|---|
| ဦးသိန်းဇော် | | | | ဦးကျော်မျိုးဦး |
| ပြည်နယ်၊တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကြံဘော | | ကျေးရွာ အောက်မန်းတော် |

ဧရာဝတီ

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၆၄ | ဘာသာ (၁) ဗုဒ္ဓ | ၆၄ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၃ | ဗုဒ္ဓ | ၃ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၀ | ဗုဒ္ဓ | ၁၀ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၉၂ | ၁၃၃ |
| လူမျိုးစု (၁)----------- | | |
| လူမျိုးစု (၂)----------- | | |
| လူမျိုးစု (၃)----------- | | |
| အိမ်ထောင်ဦးစီး | ၄၇ | ၁၉ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | |
|---|---|---|---|---|---|
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

## (ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

**(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)**

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း (မော်တော်ဆိုင်ကယ်လမ်း)
ကျောက်ခင်းလမ်း (မြေသားလမ်း) လူသွားလမ်း အခြား ____________

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်**

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ (ဝိုင်းပါ)

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — ခုနှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၂----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် 20 မိနစ် ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန် ---၄၅ မိနစ်------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ချောင်း၊ ရေ[illegible]

**(၉) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) မရှိပါ

(၂) ----------------------------------

ကျေးရွာခေါင်းဆောင် — အမည် ဦးသိန်းလှိုင်

လက်မှတ် (signature) — နေ့စွဲ 15.12.2016

လူထုစည်းရုံးရေးမှူး — အမည် ဦးကျော်မျိုးဦး

လက်မှတ် (signature) — နေ့စွဲ 15.12.2016

## ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး ကျော်မျိုးမြင့် CF ၊ ဦးကောင်းထက်ပိုင် TF

နေ့စွဲ 15.1.2016

| | | | |
|---|---|---|---|
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | စက်ပန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| | | ကျေးရွာအုပ်စု ကြံတော | ကျေးရွာ အောက်ပန်းတော |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | | | | | | |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 15.12.2016 | 15.12.2016 | ၁၈ | ၂၈ | ၄၆ | ၄၆ ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 16.12.2016 | 16.12.2016 | ၃၁ | ၄၀ | ၇၂ | ၇၁ ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 1.2.2017 | 1.2.2017 | ၃၈ | ၂၅ | ၆၃ | ၆၃ ဗမာ |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 14.2.2017 | 14.2.2017 | မလို | မလို | မလို | မလို |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 19.2.2017 | 19.2.2017 | ၃၄ | ၂၁ | ၅၆ | ၅၆ ဗမာ |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | 2.3.2017 | 2.3.2017 | ၇ | ၆ | ၁၃ | ၁၃ ဗမာ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 9.3.2017 | 9.3.2017 | ၂၃ | ၂၂ | ၄၅ | ၄၅ | မရှိ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 9.3.2017 | 9.3.2017 | ၂၃ | ၂၂ | ၄၅ | ၄၅ | မရှိ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 9.3.2017 | 9.3.2017 | ၂၃ | ၂၂ | ၄၅ | ၄၅ | မရှိ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | 11.3.2017 | 11.3.2017 | ၁၉ | ၁၃ | ၃၂ | ၃၂ | မရှိ |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | 19.3.2017 | 19.3.2017 | ၁၆ | ၁၀ | ၂၆ | ၂၆ | မရှိ |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | 25.4.2017 | 25.4.2017 | ၁၈ | ၁၈ | ၃၆ | ၃၆ | မရှိ |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | 27.4.2017 | 27.4.2017 | ၂၈ | ၄၆ | ၇၄ | ၆၆ | မရှိ |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးကျော်မြင့်ဦး | | | |
| နေ့စွဲ 16.12.2016 | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ရှမ်းပြည် | [illegible] မြို့နယ် | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | အလုပ်အကိုင်များရှိသော်လည်း ဝင်ငွေနည်းပါးခြင်း | ၁ | လျှပ်စစ်မီးမလင်း၍ အလုပ်ချိန်၊ ပညာရေး ခက်ခဲခြင်း၊ |
| ၂ | ကော်ဖီ၊ လက်ဖက်၊ ပန်းသီး စိုက်ခင်းများ အားနည်းခြင်း | ၂ | လမ်းကောင်း တံတား မရှိခြင်းကြောင့်၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး နောက်ကျခြင်း |
| ၃ | ရေရှားပါးမှုကြောင့် စိုက်ပျိုးမှု အခက်အခဲရှိခြင်း | ၃ | ရေရှားပါးမှုကြောင့် သွားလာရေး ခက်ခဲခြင်း |
| ၄ | လျှပ်စစ်မီးမလင်း၍ ပညာရေးတွင် အခက်အခဲရှိခြင်း | ၄ | မြေသားလမ်း ဖြစ်သောကြောင့် မိုးရာသီ ရွံ့ဗွက်ထူပြီး သွားလာရေး ခက်ခဲခြင်း |
| ၅ | လမ်းကောင်း တံတား၊ မရှိ၍ သွားလာရေး ခက်ခဲခြင်း | ၅ | မြေဩဇာ ကျဆင်းခြင်းကြောင့် ရေသန့်၊ သောက်ရေ ခက်ခဲခြင်း |
| ၆ | မြေသားလမ်း ဖြစ်၍ မိုးရာသီတွင် သွားလာရေး ခက်ခဲခြင်း၊ | ၆ | ကျောင်းဆက်လက်များ [illegible] အဓိက ပညာရေး ခက်ခဲခြင်း |
| ၇ | စာသင်ကျောင်း ကျေးရွာတွင် မရှိ၍ ပညာရေး အခက်အခဲရှိ | ၇ | ဆေးပေးခန်း မရှိ၍ အလုပ်ပျက်သောကြောင့် ကျန်းမာရေး အားနည်းခြင်း |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | မြေရှိမှု အလုပ်အကိုင်များ ဖွံ့ဖြိုးစေရန်၊ လျှပ်စစ်မီးလင်းရန် မျှော်မှန်း | ၁ | မြေရှိမှု အဆင်ပြေ မြင့်မားစေရန် လျှပ်စစ်မီး လင်းရန် |
| ၂ | ကော်ဖီ [illegible] စိုက်ပျိုးမှုများ ရရှိရန် မျှော်မှန်း | ၂ | စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်စေရန် |
| ၃ | သောက်ရေသန့် မှန်မှန်ရရှိရန် မျှော်မှန်း | ၃ | စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးများ ကောင်းမွန်စေရန် တံတားကောင်း လမ်းကောင်း ရရှိရန်၊ |
| ၄ | ဝင်ငွေကောင်းသော အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရန် | ၄ | ကျန်းမာရေး စောင့်ရှောက်မှု အားကောင်းသော ဆေးပေးခန်း ရရှိရန် မျှော်မှန်း |
| ၅ | ကုန်သွယ်ရောင်းဝယ်ရေး အတွက် ဈေးတည်ဆောက်ရန် | ၅ | ပညာရေး ဖွံ့ဖြိုး တိုးတက်မှု အတွက် စာသင်ကျောင်းများ ရရှိရန် |
| ၆ | ရွာချင်းဆက် ကျောက်ချောလမ်းများ ကောင်းမွန်ရန် မျှော်မှန်း | ၆ | [illegible] စိုက်ပျိုးမှု [illegible] ရရှိရန်၊ |
| | | ၇ | ရွာချင်းဆက်လမ်းများ၊ ကျောက်ချော၊ ကွန်ကရစ် မျှော်မှန်း |
| ၇ | ပညာရေး ဖွံ့ဖြိုးမှု အားကောင်းစေရန် [illegible] ရရှိရန် - | ၈ | ဝင်ငွေကောင်းသော အလုပ်အကိုင်များ ရရှိရန် မျှော်မှန်း |
| | | ၉ | [illegible] ကောင်း၊ [illegible] များ ရရှိရန် မျှော်မှန်း |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | အောက်ပန်းတော်၊ အထက်ပန်းတော်၊ မြေနီ၊ ချောင်းကျောက်လယ် | အမျိုးသား အမျိုးသမီး | ၄,၈၀၀,၀၀၀ | ၂၅၅ |
| ၂ | ရွာတွင်း မြေနီချောင်း ကျောက်လယ် | အမျိုးသမီး | ၂,၆၀၀,၀၀၀ | ၂၅၅ |
| ၃ | အောက်ပန်းတော် ၊ဝဲကြီး ချောင်းဘူး ကြိုးတံတား | အမျိုးသား +အမျိုးသမီး | ၂၂,၀၀၀,၀၀၀ | ၂၅၅ |
| ၄ | တွင်းနက်၊ ရေကန်၊ ရေကန် ဂျုံရေ ပိုက်သွယ်တန်း | အမျိုးသား | ၂,၅၀၀,၀၀၀ | ၂၅၅ |
| ၅ | ခေါ်ပေးခုံ | အမျိုးသား | | ၂၅၅ |
| ၆ | မူကြိုကျောင်း | အမျိုးသား | | ၂၅၅ |
| ၇ | လျှပ်စစ်မီးတိုင်၊ ကြိုး | အမျိုးသား +အမျိုးသမီး | | ၂၅၅ |
| ၈ | အောက်ပန်းတော် ၊ကိုက်ကြီး မြေနီ ၊ချောင်း ကျောက်လယ် | အမျိုးသမီး | | ၂၅၅ |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | အသေးစားချေးငွေ | အမျိုးသား +အမျိုးသမီး | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---------------- လက်မှတ် ---------------- နေ့စွဲ 16.12.2016

ပုံစံPC-၄ကျေးရွာအ . . . . . . . .စွဲခွဲဝေချထားခြင်းပုံစံ

လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ဖြည့်စွက်ဖြည့်သွင်းရမည်။ဤပုံစံအားဖြည့်စွက်ဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။

| | | | |
|---|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | ဦးသက်ပိုင်ဦး ၊ ဦးကျော်ထက်ပိုင် | | |
| နေ့စွဲ | ၁-၂-၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(√)□စက်ဝန်း(၁) ☑စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း- မကွေး | မြို့နယ်- ကြံခင်း | ကျေးရွာအုပ်စု | ကြံတော |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ပေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| တိုက်ကြီး | ရွာတွင်း+ရွာပတ်သစ် မြေနီချောင်းကျောက်လမ်း | ၁၅၅၀'×၁၀'×၆" | ၃၄၀ | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်အမျိုးသမီး | ၃၄၀၀၀၀၀ | | - | | ၃၄၀၀၀၀၀ |
| ရေသောက်ကန် | ရွာချင်းဆက်မြေနီချောင်းကျောက်လမ်း (ရေသောက်ကန် ↔ ရွာသစ်) | ၁၈၀၀'×၁၁'×၆" | ၁၄၆ | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်အမျိုးသမီး | ၄၂၀၀၀၀၀ | | - | | ၄၂၀၀၀၀၀ |
| အောက်ပန်းတော် | ရွာချင်းဆက်မြေနီချောင်းကျောက်လမ်း (အထက်ပန်းတော် ↔ အောက်ပန်းတော်) | ၂၀၄၀'×၁၀'×၆" | ၂၅၅ | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်အမျိုးသမီး | ၄၈၀၀၀၀၀ | | - | | ၄၈၀၀၀၀၀ |
| | | | | □အမျိုးသား | | | - | | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ယရိုးစ ကွင်း | ရွာချင်းဆက်မြေနီ ချောင်းကျောက်လမ်း (လမိုင်းကွင်း↔ရွာသစ်) | ၂၆၉၂'×၁၀'×၆" | ၇၂ | □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | ၅၇၀၀၀၀၀ | | | | ၅၇၀၀၀၀၀ |
| ကိုးကောင်ရွာမ | ရွာချင်းဆက် မြေနီ ချောင်းကျောက် လမ်း (ရွာမ↔ရွာသစ်) | ၁၃၅၀'×၁၀'×၆" | ၁၅၈ | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | ၃၀၀၀၀၀၀ | | | | ၃၀၀၀၀၀၀ |
| ကိုးကောင်ရွာ သစ် | ရွာချင်းဆက် ချောင်းကျောက် လမ်း | ၂၃၂၀'×၁၀'×၆" | ၁၅၂ | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | ၃၆၀၀၀၀၀ | | | | ၃၆၀၀၀၀၀ |
| ကောက်ကြကုန်း | ရွာချင်းဆက်မြေနီချောင်းကျောက် လမ်း (မြနှင်းအောင်/ကိုးကောင်) | ၂၄၂၀'×၁၀'×၆" | ၁၆၀ | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | ၅၂၀၀၀၀၀ | | | | ၅၂၀၀၀၀၀ |
| ဖြည့်စေကွင်း | ရွာတွင်းမြေနီ ချောင်းကျောက် လမ်း | ၁၂၂၅'×၁၀'×၆" | ၂၈၈ | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | ၄၅၀၀၀၀၀ | | | | ၄၅၀၀၀၀၀ |

ရာထူး ကျေးရွာအုပ်စု ဗိ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ------------------------------

လက်မှတ် ------------------------------ ရက်စွဲ ------------------------------

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ကြံတော | ဈာတွင်းမြေနီ ချောင်းကျောက်လမ်း | ၂၀၀၀'x၁၂'x၆'' | ၄၃၈ | □အမျိုးသမီး<br>□အမျိုးသားနှင့်အမျိုးသမီး | ၄၉၀၀၀၀၀ | | | ၄၉၀၀၀၀၀ |
| ကာရု | ဝုံးပေါက် (၂၁၃) | ၁၈'x၄'x၃'<br>၁၂'x၄'x၃' | ၁၃၀ | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်အမျိုးသမီး | ၃၆၀၀၀၀၀ | | | ၃၆၀၀၀၀၀ |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးမင်းမင်းထွန်း၊ ဒေါ်မြင့်မြင့်ဦး

လက်မှတ် 1.2.2017 ရက်စွဲ 1.2.2017

## အစည်းအဝေးမှတ်တမ်း

လူထုဗဟိုပြုစီမံကိန်း( ဒုတိယနှစ်စက်ဝန်း)

ကျေးရွာအုပ်စု - ကြံဘော

ကျေးရွာ - ကောက်ပနိုးတော်

ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး

ရက်စွဲ - ၁၆.၁၂.၂၀၁၆

ကောက်ပနိုးတော်ကျေးရွာဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို(၁၆.၁၂.၁၆)ရက်နေ့တွင် ဆက်လက်ကျင်းပခဲ့ပါသည်။အစည်းအဝေးကို နံနက်( ၉ )နာရီတွင်စတင်ခဲ့ပါသည်။ပထမဆုံးအနေဖြင့် ပထမအစည်းအဝေးတွင် ကျန်ရှိနေသေးသော လူမှုဆန်းစစ်ခြင်း(PRA TOOL )များအား ဆက်လက် ဆွေးနွေးခဲ့ကြပါသည်။ဆက်လက်၍ ဆွေးနွေးထားသောလူမှုဆန်းစစ်ခြင်းများအား ပြန်လည်အနှစ်ချုပ် ခဲ့ကြပါသည်။ ထို့နောက် နံနက် (၁၁း၀၀)နာရီတွင် နေ့လည်စာစားချိန် အစည်းအဝေးကို ခေတ္တ ရပ်နားခဲ့ပါသည်။

နေ့လည်( ၁၂း၃၀ )နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပါသည်။ နေ့လည်ခင်း အစည်းအဝေးတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို အမျိုးသားနှင့် အမျိုးသမီး တစ်ဖက်ဆီ ဖော်ထုတ်၍ သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဦးစား ပေးလုပ်ငန်းများကို ရွေးချယ်၍ ရွေးချယ်ထားသော လုပ်ငန်း( ၅) ခုအနက်မှ ဦးစားပေးသတ်မှတ်နိုင်ရန် လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ ထိုသို့မဲပေးရွေးချယ်ရာတွင် မဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၁) အဖြစ်လည်းကောင်း၊ ဒုတိယမဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၂) အဖြစ်လည်း ကောင်း၊ တတိယမဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၃)အဖြစ်လည်းကောင်း စသည်ဖြင့် ဦးစားပေး လုပ်ငန်းများအား မဲစဉ်အလိုက်အသီးသီး ရွေးချယ်ခဲ့ကြပါသည်။ ထို့နောက် ကျေးရွာရပ်မိရပ်ဖတစ်ဦးမှ ကျေးဇူးတင်စကားပြောကြား၍ ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို ညနေ (၃း၃၀)နာရီတွင် ပိတ် သိမ်းခဲ့ပါသည်။

အစည်းအဝေးမှတ်တမ်းတင်သူ
ဦးကျော်မျိုးဦး

# အစည်းအဝေးမှတ်တမ်း

လူထုဗဟိုပြုစီမံကိန်း( ဒုတိယနှစ်စက်ဝန်း )

ကျေးရွာအုပ်စု - ကြံတော

ကျေးရွာ - ကောက်ပန်းတော်

ပထမအကြိမ်ကျေးရွာအစည်းအဝေး

ရက်စွဲ- ၁၅.၅.၂၀၁၈

ကောက်ပန်းတော်ကျေးရွာ ၏ ပထမအကြိမ်ကျေးရွာအစည်းအဝေးကို(၁၅.၅.၁၈)ရက်နေ့တွင်ကောက်ပန်းတော် ဘုန်းကြီးကျောင်း၌ကျင်းပခဲ့ပါသည်။ အစည်းအဝေးကို နံနက်(၉)နာရီတွင်စတင် ခဲ့ပါသည်။ရပ်မိရပ်ဖတစ်ဦးမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ဆက်လက်၍ ဝန်ထမ်းများမှမိတ်ဆက်၍ လူထုစည်းရုံးမှုမှ စီမံကိန်းမိတ်ဆက်ခြင်းနှင့် စီမံကိန်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။ဆက်လက်၍ အဓိကပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာစေတနာ့ဝန်ထမ်း ကျား/မ (၂)ဦးကို ရွေးချယ်ခဲ့ပါသည်။ထို့နောက် ဆောင်ရန်/ရှောင်ရန်များကို ပြောကြားခဲ့ပြီး (၁၁း၄၅) နာရီတွင် နေ့လည်ထမင်းစားချိန် ခေတ္တရပ်နားခဲ့ပါသည်။

နေ့လည်(၁း၀၀)နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပြီး ဖွဲ့စည်းရန်ကျန်ရှိနေသော ကော်မတီများကို ဆက်လက်ဖွဲ့စည်းခဲ့ပါသည်။(၂၀၁၆)ခုနှစ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကော်မတီဝင်များလည်း ကျေးရွာလူထု၏ဆန္ဒ၊ မိမိတို့၏ဆန္ဒများဖြင့် ဆက်လက်တာဝန်ထမ်းဆောင်ခြင်း/မဆောင်ခြင်းကို ဆန္ဒပြုရွေးချယ်ခဲ့ကြပါသည်။ ထို့နောက်တွင် လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ၊ ဥတုနေအဆင့်သတ်မှတ်ခြင်း၊ အရင်းအမြစ် ပိုင်ဆိုင်/ထိန်းချုပ်မှု၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ အခက်အခဲများ၊ မျှော်မှန်းချက်များ စသည့် လူမှုဆန်းစစ်ခြင်းများကို ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။ထို့နောက်တွင် ပထမအကြိမ်ကျေးရွာအစည်းအဝေးအား ညနေ ၄ နာရီတွင်ရပ်နားခဲ့ပါသည်။

အစည်းအဝေးမှတ်တမ်းတင်သူ

ဦးကျော်မျိုးဦး

ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း

<u>ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ</u> အောက်ပုန်းတော်

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ငွေပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | အောက်ပုန်းတော်၊ အထက်ပုန်းတော် မြေနိမ့်မြောင်း ကျောက်လမ်း | ကျ / မ | ၂၀၁၇ | | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | ရွာတွင်း မြေနိမ့်မြောင်း ကျောက်လမ်း | မ | ၂၀၁၈ | | လူထုဗဟိုပြုစီမံကိန်း |
| | ၃ | အောက်ပုန်းတော် ဝါကြီးချောင်း ကူးတံတား | ကျ / မ | ၂၀၁၉ | | လူထုဗဟိုပြုစီမံကိန်း |
| | ၄ | တွင်းနက်ရေတွင်း၊ ရေစက်ရှိ ရေပိုက်သွယ် | ကျ / မ | ၂၀၂၀ | | လူထုဗဟိုပြုစီမံကိန်း |
| | ၅ | အောက်ပုန်းတော်၊ ဘုန်းကြီး မြေနိမ့်မြောင်း ကျောက်လမ်း | မ | | | လူထုဗဟိုပြုစီမံကိန်း |
| အသက်မွေးဝမ်းကျောင်း / စီးပွားရေး | | [illegible] | ကျ / မ | | | |
| ကျန်းမာရေးနှင့်အာဟာရ | ၁ | ဆေးပေးခန်း | ကျ | | | ကျန်းမာရေးဌာန |
| ပညာရေး | ၁ | မူကြိုကျောင်း | ကျ | | | ပညာရေးဌာန |
| အခြား | ၁ | လျှပ်စစ်မီး | ကျ / မ | | | လျှပ်စစ်ဓာတ်ကြိုးဌာန |
| | ၂ | အသေးစားချေးငွေ | | | | အခြားအဖွဲ့အစည်း |